
ကော်ပိုရိတ် စီမံအုပ်ချုပ်မှု
P. ၁၄ - ၁၉


# ကော်ပိုရိတ် စီမံအုပ်ချုပ်မှု

မြန်မာ့သြဘာလုပ်ငန်းစု၏ စီမံအုပ်ချုပ်မှုပုံစံသည် နေ့စဉ်လုပ်ငန်းဆောင်တာများကို လမ်းညွှန်ပေးသည့် မူဘောင်များကို ချမှတ်ရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ပါသည်။ ပြောင်းလဲတိုးတက်နေသော ယနေ့ခေတ် ဈေးကွက်ပတ်ဝန်းကျင်တွင် မြန်မာ့သြဘာလုပ်ငန်းစုအနေဖြင့် ကဏ္ဍအသီးသီး၌ အချိန်နှင့်တစ်ပြေးညီစွာ ဆုံးဖြတ်ချက်ကောင်းများ ချမှတ်နိုင်ရန်မှာ အထူးပင်အရေးကြီးလှပါသည်။

၂၀၂၅ ခုနှစ်တွင် မြန်မာ့သြဘာလုပ်ငန်းစုစတင်ခဲ့သော နှစ် (၃၀) ပြည့်သည့်နှစ် ဖြစ်သည်နှင့်အမျှ မြန်မာ့သြဘာလုပ်ငန်းစု၏ တည်ထောင်သူ၊ ဥက္ကဋ္ဌနှင့် လုပ်ငန်းစု CEO အတွက် ဆက်ခံရေးအစီအစဉ်ကို စတင်ခဲ့ပါသည်။ ရလဒ်အနေဖြင့် ဒါရိုက်တာဘုတ်အဖွဲ့မှ ဦးအောင်စည်အား ဒါရိုက်တာအသစ်အဖြစ် ကြိုဆို ခဲ့ပါသည်။

တစ်ချိန်တည်းမှာပင် မတူညီသော စီးပွားရေးအဖွဲ့ (BU) များမှ ခေါင်းဆောင်များအား မြန်မာ့သြဘာလုပ်ငန်းစု၏ ဒါရိုက်တာဘုတ်အဖွဲ့ထံ စနစ်တကျဖြင့် ပုံမှန်အစီရင်ခံတင်ပြရန် ဖိတ်ကြားခဲ့ပါသည်။

ဤဆောင်ရွက်ချက်သည် ၎င်းတို့ကို သီးခြားလုပ်ပိုင်ခွင့်အာဏာများ ပေးအပ်ရန်၊ လုပ်ငန်းစု CEO အပေါ် မှီခိုမှုကို လျှော့ချရန်နှင့် မြန်မာ့သြဘာလုပ်ငန်းစု၏ အဖွဲ့အစည်းများကြား ပေါင်းစပ်ညှိနှိုင်းမှု အားသာချက်များကို လက်ကိုင်ထား၍ မတူညီသော စီးပွားရေးအဖွဲ့ (BU) များ၏ လွတ်လပ်မှုနှင့် စွမ်းဆောင်ရည်များကို အားဖြည့်ရန် ရည်ရွယ်ပါသည်။ ထို့အပြင် မြန်မာ့သြဘာလုပ်ငန်းစုသည် မိမိတို့၏ စီးပွားရေးအဖွဲ့ (BU) များအကြား ပိုမိုရှင်းလင်းပြီး ခိုင်မာသော ကော်ပိုရိတ်စီမံအုပ်ချုပ်မှု အလေ့အထများကို တည်ထောင်ရန် စီစဉ်ထားပါသည်။ ၎င်းသည် မြန်မာ့သြဘာလုပ်ငန်းစုအား ပိုမိုအားကောင်းသွက်လက် အဖွဲ့အစည်းတစ်ခုကို ဖြစ်လာစေရန် ကူညီပေးနိုင်ပြီး မြန်မာ့သြဘာလုပ်ငန်းစုမှ ဝန်ဆောင်မှုပေးနေသော ဈေးကွက်များကို ပိုမိုဦးတည်နိုင်စေပါသည်။ ထို့အပြင် စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းရန်နှင့် အခွင့်အလမ်းများကို ပိုမိုထိရောက်စွာ ရယူနိုင်ရန် ဗျူဟာအမျိုးမျိုးကို စမ်းသပ်နိုင်ရန်လည်း အကောင်းဆုံးအထောက်အကူပေးနိုင်ပါသည်။




# မြန်မာ့သြဘာလုပ်ငန်းစု၏ ရေရှည်တည်တံ့ခိုင်မြဲရေး မဟာဗျူဟာ

မြန်မာ့သြဘာလုပ်ငန်းစုသည် ပြည်တွင်းနှင့် ပြည်ပအကျိုးသက်ဆိုင်သူများအတွက် အရေးပါသည့် ကိစ္စရပ်များကို ဖော်ထုတ်နိုင်ရန် အကျိုးသက်ဆိုင်သူအများအပြားနှင့် တွေ့ဆုံခဲ့ပြီးနောက် ၂၀၂၁ ခုနှစ်တွင် ရေရှည်တည်တံ့ခိုင်မြဲရေး မဟာဗျူဟာကို ချမှတ်ခဲ့ပါသည်။ ၂၀၂၅ ခုနှစ်တွင် ရေရှည်တည်တံ့ခိုင်မြဲရေးကို မြန်မာ့သြဘာလုပ်ငန်းစု၏ လုပ်ငန်းများတွင် မည်သို့ ထည့်သွင်းအကောင်အထည်ဖော်ရမည်ကို ကောင်းမွန်စွာ သိရှိနိုင်ရန်အတွက် မြန်မာ့သြဘာလုပ်ငန်းစု၏ ဥက္ကဋ္ဌမှ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး မြန်မာ့သြဘာလုပ်ငန်းစု၏ စီးပွားရေးအဖွဲ့ (BU) စီမံခန့်ခွဲမှုအဖွဲ့များမှ အဖွဲ့ဝင်များအဖြစ် ပါဝင်သော ရေရှည်တည်တံ့ခိုင်မြဲရေး ကော်မတီတစ်ရပ်ကို ဖွဲ့စည်းခဲ့ပါသည်။ ၂၀၂၅ ခုနှစ်တွင် ကော်မတီသည် မြန်မာ့သြဘာလုပ်ငန်းစု မဟာဗျူဟာ၏ ဆီလျော်မှုကို အကဲဖြတ်ရန် ဆုံးဖြတ်ခဲ့ပြီး ထိုသို့ပြုလုပ်ရန် အလုပ်ရုံဆွေးနွေးပွဲများ ဆက်တိုက်ကျင်းပခဲ့ပါသည်။

ဤပြန်လည်သုံးသပ်ချက် အလုပ်ရုံဆွေးနွေးပွဲများမှ မြန်မာ့သြဘာလုပ်ငန်းစု၏ မဟာဗျူဟာသည် တည်ဆဲမဏ္ဍိုင်ကြီးလေးခုနှင့် ဦးစားပေးကိုးချက်တို့ဖြင့် ဖွဲ့စည်းထားပြီး မိမိတို့၏ စီးပွားရေးလုပ်ငန်းများနှင့် ကိုက်ညီနေဆဲဖြစ်ကြောင်း အတည်ပြုနိုင်ခဲ့ပါသည်။ သို့ရာတွင် ဦးစားပေးချက်တစ်ခုစီ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်ကို ပြန်လည်ညှိနှိုင်းသတ်မှတ်ပြီး မိမိတို့၏ ရေရှည်တည်တံ့သော တိုးတက်မှုပန်းတိုင်များကို ပိုမိုကောင်းမွန်စွာ ပံ့ပိုးကူညီနိုင်ရန်အတွက် အာရုံစိုက်ရမည့် နယ်ပယ်များကို အဆင့်မြှင့်တင်ခဲ့ပါသည်။ ယင်းသည် ရေတိုနှင့် ရေရှည်ပန်းတိုင်များကို ဆွေးနွေးသတ်မှတ်ရန်အတွက် အခွင့်အလမ်းတစ်ခုလည်းဖြစ်ခဲ့ပါသည်။



# ရေရှည်တည်တံ့ခိုင်မြဲရေးနည်းဗျူဟာအတွက် အခြေခံထောက်တိုင် လေးမျိုး

## ပိုမိုကောင်းမွန်သော စိုက်ပျိုးရေးဆိုင်ရာ ဖြေရှင်းနည်း စနစ်များ

### ကုန်ပစ္စည်းကြီးကြပ်မှု

မြန်မာ့သြဘာလုပ်ငန်းစုသည် နေ့စဉ်လုပ်ငန်းခွင် စိန်ခေါ်မှုများကို လျော့နည်းစေပြီး ရေရှည်တည်တံ့သော စီးပွားရေးတိုးတက်မှုကို အထောက်အကူပြုခြင်းဖြင့် လယ်သမားများ၏ အသက်မွေးဝမ်းကျောင်းမှုကို မြှင့်တင်ရန် ကတိပြုပါသည်။ ထို့အပြင် မြန်မာ့သြဘာလုပ်ငန်းစုသည် မျိုးစေ့များ၊ စိုက်ပျိုးရေးသုံးဓာတုပစ္စည်းများ၊ ဘဏ္ဍာရေးနှင့် နည်းပညာဝန်ဆောင်မှုများကဲ့သို့သော စိုက်ပျိုးရေးဆိုင်ရာ ဝန်ဆောင်မှုများအားလုံးတွင် တာဝန်ယူမှု အပြည့်အဝရှိပြီး သုံးစွဲသူများနှင့် ကျယ်ပြန့်သော ဂေဟစနစ်အတွက် ရေရှည်တန်ဖိုးများကို ဖန်တီးပေးသည့် ဖြေရှင်းနည်းများအားလည်း ပေးနေပါသည်။

မြန်မာ့သြဘာလုပ်ငန်းစုမှ အာရုံစိုက်နေသော အချက်များမှာ

- သုံးစွဲသူတို့၏ လိုအပ်ချက်များကို ဖော်ထုတ်ပြီး အသက်မွေးဝမ်းကျောင်းမှုအား မြှင့်တင်ပေးသည့် ဆန်းသစ်သော ဖြေရှင်းနည်းများ ဖွံ့ဖြိုးတိုးတက်စေရန်
- မြန်မာနိုင်ငံ၏ ပိုမိုကောင်းမွန်သော စိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာကဏ္ဍသို့ ကူးပြောင်းခြင်းနှင့် အချိတ်အဆက်မိသော စီးပွားရေးကို အထောက်အကူပြုပြီး ပတ်ဝန်းကျင်ထိန်းသိမ်းမှုဆိုင်ရာဘဏ္ဍာရေး (green finance)သို့ ကူးပြောင်းနိုင်ရန် အကူအညီပေးနိုင်သော ထုတ်ကုန်အသစ်များ ထုတ်လုပ်ခြင်းနှင့် ဖြေရှင်းနည်းအသစ် များရှာဖွေခြင်း
- စိုက်ပျိုးရေးကဏ္ဍတစ်ခုလုံးအတွက် ရေရှည်တည်တံ့ပြီး တာဝန်ရှိသော အလေ့အထများကို မြှင့်တင်ခြင်း

### သက်ရှိကမ္ဘာ

တောင်သူလယ်သမားများသည် သီးနှံများ စိုက်ပျိုးရန်နှင့် ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းမှု တည်တံ့ရန် သဘာဝအရင်းအနှီး (အထူးသဖြင့် ကျန်းမာသော မြေဆီလွှာနှင့် ပျားကဲ့သို့သော ဝတ်မှုန်ကူးသတ္တဝါများ) အပေါ် မှီခိုအားထားရသည်။ ဤအရင်းအမြစ်များကို ကာကွယ်ခြင်းသည် လယ်ယာလုပ်ကိုင်သည့် အသိုင်းအဝိုင်းများ၏ ရေရှည်ခံနိုင်ရည်နှင့် သာယာဝပြောရေးအတွက် မဖြစ်မနေ လိုအပ်ပါသည်။ ရာသီဥတုပြောင်းလဲမှုဒဏ် အထိခိုက်ဆုံးနိုင်ငံများထဲမှ တစ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံသည် သိသာထင်ရှားသော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရပါသည်။

မြန်မာ့သြဘာလုပ်ငန်းစုမှ အာရုံစိုက်နေသော အချက်များမှာ-

- မြန်မာ့သြဘာလုပ်ငန်းစု၏ ကာဗွန်ထုတ်လုပ်မှုကို လျှော့ချရန်နှင့် နိုင်ငံတော်၏ ဂေဟစနစ်များကို ကာကွယ်စောင့်ရှောက်ရန်
- စွန့်ပစ်ပစ္စည်းများကို တာဝန်သိစွာ စီမံခန့်ခွဲခြင်းအပါအဝင် သဘာဝပတ်ဝန်းကျင် ထိခိုက်မှု အနည်းဆုံးဖြစ်စေရန် မိမိတို့၏ ထုတ်ကုန်များအတွက် သက်တမ်းလည်ပတ်မှု ဖြစ်စဉ်များကို ခွဲခြမ်းလေ့လာသည့် နည်းလမ်းအား အသုံးချရန်
- ရေရှည်တည်တံ့သော စိုက်ပျိုးရေး ကုန်ထုတ်စွမ်းအားများ ခိုင်မာစွာ ရရှိနိုင်စေရန် သဘာဝအရင်းအမြစ်များကို ကာကွယ်ခြင်းနှင့် ပြန်လည်ရှင်သန်စေခြင်းကို ပံ့ပိုးရန်
- ဝန်ထမ်းများ၊ အရောင်းကိုယ်စားလှယ်များနှင့် လယ်သမားများ အပါအဝင် အဓိကအကျိုးသက်ဆိုင်သူများအား တာဝန်ယူမှုရှိသော လုပ်ငန်းလုပ်ဆောင်မှု အလေ့အထများ အကြောင်း အသိပညာပေးရန်နှင့် ကျင့်သုံးလာစေရန် တိုက်တွန်းအသိပေးရန်



## ပိုမိုကောင်းမွန်သော လုပ်ငန်းခွင်

### ကောင်းမွန်သော လုပ်ငန်းခွင်

ကောင်းမွန်သော လုပ်ငန်းခွင်တစ်ခု ရှိစေရေးသည် လုပ်ငန်းစု တစ်ခုအနေဖြင့် ရှင်သန်တိုးတက်ရန် လိုအပ်သော လူသားအရင်းအမြစ်ကို ခန့်ထားခြင်း၊ ထိန်းသိမ်းခြင်းနှင့် ဖွံ့ဖြိုးတိုးတက်စေခြင်းအတွက် အရေးပါသည်။ မြန်မာ့သြဘာလုပ်ငန်းစုသည် တာဝန်ယူမှုရှိသော အလုပ်ရှင်တစ်ဦးဖြစ်ရန် ရည်ရွယ်ပြီး မည်သည့်ပုံစံဖြင့်မဆို ခွဲခြားဆက်ဆံခြင်းကို သည်းမခံပါ။

မြန်မာ့သြဘာလုပ်ငန်းစုသည် လုပ်ငန်းခွင်နှင့်ပတ်သက်၍ အောက်ပါအကြောင်းအရာများကို အာရုံစိုက်ပါသည်

- လူတိုင်းပါဝင်နိုင်သော၊ ကွဲပြားစုံလင်ပြီး လေးစားမှုရှိသော လုပ်ငန်းခွင်တစ်ခု တည်ဆောက်ခြင်း
- လုံခြုံသော၊ ကျန်းမာသော လုပ်ငန်းခွင်အခြေအနေများကို ရရှိစေခြင်း
- အကျိုးဖြစ်ထွန်းစေသော အသက်မွေးဝမ်းကြောင်းဆိုင်ရာ အခွင့်အလမ်းများ ပေးအပ်ခြင်းနှင့် အရည်အချင်းများ မွေးမြူပေးခြင်း



## ပိုမိုကောင်းမွန်သော စီးပွားရေး အလေ့အထများ

### စီးပွားရေးသမာဓိ

မြန်မာ့သြဘာလုပ်ငန်းစုတွင် သမာဓိကို ကာကွယ်စောင့်ရှောက်ခြင်းသည် အရေးကြီးဆုံးဖြစ်ပါသည်။ မြန်မာ့သြဘာလုပ်ငန်းစု၏ ကျင့်ဝတ်စည်းမျဉ်းများသည် ဝန်ထမ်းများအနေဖြင့် ၎င်းတို့၏ အလုပ်တာဝန်များကို မည်သို့ဆောင်ရွက်သင့်ကြောင်း သတ်မှတ်ပေးထားပါသည်။ မြန်မာ့သြဘာ လုပ်ငန်းစုသည် ၎င်း၏ အကျိုးသက်ဆိုင်သူအားလုံးကို ၎င်းတို့၏ စိုးရိမ်မှုများကို အကြောင်းကြားရန် တိုက်တွန်းပါသည်။ ၎င်းသည် မြန်မာ့သြဘာလုပ်ငန်းစု၏ ကျင့်ဝတ်ဆိုင်ရာ ဆိုးကျိုးဖြစ်ပေါ်နိုင်မှု အခြေအနေများကို ဖော်ထုတ်ခြင်းနှင့် စီမံခန့်ခွဲခြင်းအတွက် အဓိကသော့ချက်ဖြစ်ပါသည်။

### ဂေဟစနစ်နှင့် သဟဇာတဖြစ်သော ကုန်ထုတ်လုပ်မှု

မြန်မာ့သြဘာလုပ်ငန်းစု၏ ထုတ်ကုန်များကို ထုတ်လုပ်ရန်အတွက် ထုတ်ကုန်ပစ္စည်းများ၊ စွမ်းအင်နှင့် ရေတို့ကို မှီခိုအားထားရပါသည်။ မြန်မာ့သြဘာလုပ်ငန်းစု၏ မူဝါဒတွင် ဖော်ပြထားသည့်အတိုင်း စက်မှုလုပ်ငန်း လုပ်ငန်းစဉ်များ၏ ထိရောက်မှုကို ပိုမိုကောင်းမွန်အောင်ပြုလုပ်ခြင်းနှင့် မိမိတို့၏ သက်ရောက်မှုများကို ဂရုတစိုက် စောင့်ကြည့်ခြင်းဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှုများကို အနည်းဆုံးဖြစ်စေရန် ရည်ရွယ်ပါသည်။ ကမ္ဘာမြေအတွက် ကောင်းမွန်သောအရာသည် မြန်မာ့သြဘာလုပ်ငန်းစု၏ စီးပွားရေးအတွက်လည်း ကောင်းမွန်ပါသည်။ စွမ်းအင်ချွေတာရန်နှင့် စွန့်ပစ်ပစ္စည်းများကို တတ်နိုင်သမျှ ဖယ်ရှားရန် လုပ်ဆောင်လျက်ရှိပါသည်။

### တန်ဖိုးကွင်းဆက်စီမံခန့်ခွဲမှု

ကုန်ကြမ်းများ တင်သွင်းပြီး ၎င်းတို့ကို အချောထည်ပစ္စည်းများအဖြစ် ပြောင်းလဲရန်အတွက် မိတ်ဖက်အမျိုးမျိုးနှင့် လည်းကောင်း၊ နိုင်ငံတစ်ဝန်းရှိ လယ်သမားသိန်းချီထံ ရောက်ရှိရန်အတွက် မြန်မာ့သြဘာလုပ်ငန်းစု၏ ဖြန့်ဖြူးရောင်းချသူများနှင့် လည်းကောင်းနီးကပ်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ မြန်မာ့သြဘာလုပ်ငန်းစုသည် မိမိတို့၏ ထုတ်ကုန်များမှတစ်ဆင့် မြန်မာနိုင်ငံ၏ တောင်သူလယ်သမားများထံ တန်ဖိုးများ ပေးအပ်ရာတွင် မရှိမဖြစ်လိုအပ်သော ပါဝင်လုပ်ဆောင်သူအားလုံးနှင့် ထိတွေ့ဆက်ဆံပြီး စွန့်စားရမှုများကို အကဲဖြတ်ပါသည်။

### လူ့အခွင့်အရေး

မြန်မာ့သြဘာလုပ်ငန်းစုသည် လူ့အခွင့်အရေးကို လေးစားရန် ကတိပြုပါသည်။ မြန်မာ့သြဘာလုပ်ငန်းစုသည် လူ့အခွင့်အရေးနှင့် ပတ်သက်သည့် ဆိုးကျိုးဖြစ်ပေါ်နိုင်မှုအခြေအနေများကို အကဲဖြတ်ပြီး လိုအပ်သည့်အခါတိုင်း ထိရောက်သော ကုစားမှုများ ပေးအပ်နိုင်စေရန် လုပ်ဆောင်လျက်ရှိပါသည်။

## ပိုမိုကောင်းမွန်အောင် အားလုံး အတူတကွ ဆောင်ရွက်ခြင်း

### အကျိုးသက်ဆိုင်သူများနှင့်ထိတွေ့ဆက်ဆံခြင်း

တာဝန်ယူမှုနှင့် တာဝန်သိမှုရှိခြင်းသည် မြန်မာ့သြဘာလုပ်ငန်းစု၏ အကျိုးသက်ဆိုင်သူများ၏ ယုံကြည်မှုကို ရရှိရန်အတွက် အရေးကြီးပါသည်။

မြန်မာ့သြဘာ လုပ်ငန်းစုသည် ၎င်း၏ အကျိုးသက်ဆိုင်သူများနှင့် ပုံမှန် ထိတွေ့ဆက်ဆံရန် ရည်ရွယ်ပါသည်။ ၎င်းသည် ရေရှည်တည်တံ့သော ဆက်ဆံရေးများ တည်ဆောက်ခြင်း၊ မြန်မာ့သြဘာလုပ်ငန်းစု၏ ဂုဏ်သတင်းနှင့် လုပ်ငန်းလည်ပတ်ရေးဆိုင်ရာ လူမှုရေးခွင့်ပြုချက်ကို ကာကွယ်စောင့်ရှောက်ခြင်း တို့အတွက် အရေးပါပါသည်။

### ကော်ပိုရိတ်ပရဟိတလုပ်ငန်း

မြန်မာ့သြဘာလုပ်ငန်းစုသည် နိုင်ငံတစ်ဝန်းရှိ ထိခိုက်လွယ်သော လူမှုအသိုင်းအဝိုင်းများကို ပံ့ပိုးကူညီရန် ရည်ရွယ်ပါသည်။ မြန်မာ့သြဘာလုပ်ငန်းစု၏ မူဝါဒသည် မိမိတို့၏ အာရုံစိုက်မှုနှင့် တန်ဖိုးမဏ္ဍိုင် လေးခုကို ရှင်းလင်းစွာ ဖော်ပြထားပါသည်။

